# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃)

## ကုလသမဂ္ဂ ကြားဝင်အရေးယူမှုအတွက် ဖြစ်တန်ခြေညွှန်းကိန်းများ

စစ်အေးကာလအလွန်ကစပြီး ကမ္ဘာတဝှမ်းမှာ ဝင်ရောက်အရေးယူဖို့ ကုလသမဂ္ဂကို တောင်းဆိုခဲ့ကြတဲ့ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများစွာ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနဲ့ ဒီအကျပ်အတည်းတွေအပေါ် အရေးယူကိုင်တွယ်မှုတွေက တခုနဲ့တခုကွာခြားပါတယ်။ တချို့အရေးကိစ္စတွေမှာ ထိထိရောက်ရောက် အရေးယူမှုတွေရှိသလို တချို့ကိစ္စတွေမှာတော့ မည်ကာမတ္တလောက် အရေးယူဆောင်ရွက်မှုသာ ရှိခဲ့ပါတယ်။ ဒါကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းတွေအပေါ်ကုလသမဂ္ဂရဲ့ဝင်ရောက်အရေးယူမှုမယူမှုတွေကဘယ်လိုအခြေအနေတွေမှာ မူတည်ပြီး ကွဲပြားသလဲဆိုတာက သုတေသီတွေအကြား လေ့လာနေဆဲ မေးခွန်းတခု ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းမှု ဆန့်ကျင်ကန့်ကွက်ရေး လူထုဆန္ဒပြပွဲတွေကို အကြမ်းဖက်ဖြိုခွင်းမှုတွေ အရှိန်မြင့်လာတာ၊ ပြည်သူတွေသေဆုံးရမှု များလာတာ၊ လူ့အခွင့်အရေးနဲ့ လူ့ဂုဏ်သိက္ခာ ချိုးဖောက်ခံရတာတွေ ဆက်တိုက်ဖြစ်လာတာနဲ့အမျှ လူသားချင်းစာနာ ကာကွယ်ပေးမှု ခေါင်းစဉ်အောက်ကနေ ကုလသမဂ္ဂ ဝင်ရောက်လာနိုင်မလားဆိုတဲ့ မျှော်လင့်ချက်တွေ၊ ခန့်မှန်းပြောဆိုမှုတွေ ရှိလာခဲ့ပါတယ်။ ဒ့ါအပြင် မတ် ၄ ရက်မှာပဲ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) ရဲ့မြန်မာနိုင်ငံ ကိုယ်စားပြု ကုလသမဂ္ဂ အထူးကိုယ်စားလှယ် အဖြစ်ခန့်အပ်ထားတဲ့ ဒေါက်တာဆာဆာက ကုလသမဂ္ဂအနေနဲ့ R2P (Responsibility to protect) ခေါင်းစဉ်အောက်ကနေ မြန်မာနိုင်ငံအရေးမှာ ပါဝင်လာဖို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဆီ လိပ်မူပြီး တောင်းဆိုခဲ့ပါတယ်။

### ဆိုလိုရင်းအနှစ်ချုပ်

နော်ဝေအခြေစိုက် Peace Research Institute Oslo (PRIO) က ၂၀၁၅ ခုနှစ်မှာ ပြုလုပ်ထားတဲ့ သုတေသနတခုမှာ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းကို ကိုင်တွယ်ခြင်းနဲ့ ဆက်စပ်ပြီး ကုလသမဂ္ဂရဲ့ တုံ့ပြန်ဆောင်ရွက်မှုမှာ တိုင်းတာရာမှာ အဓိကကျတဲ့ အညွှန်းကိန်းငါးရပ်ကို ဖော်ထုတ်ထားပါတယ်။ (၁) အသေအပျောက်နှုန်း မြင့်မားမှု၊ (၂) မီဒီယာတွေရဲ့ အလေးပေးဖော်ပြမှု၊ (၃) အကျပ်အတည်းဟာ ဒေသတွင်းနိုင်ငံတွေကို ဒုက္ခသည်အရေးက စလို့ စီးပွားရေး၊ နိုင်ငံရေးအဆုံး ကြီးမားတဲ့ ရိုက်ခတ်ကူးစက်မှု၊ (၄) အကျပ်အတည်းကြုံနေရတဲ့ နိုင်ငံရဲ့ စစ်ရေးအင်အားတောင့်တင်းမှုနဲ့ (၅) ကုလသမဂ္ဂအနေနဲ့ လက်ရှိဖြစ်ပွားနေတဲ့ အကျပ်အတည်းမတိုင်ခင် အဲဒီနိုင်ငံနဲ့ပတ်သက်လို့ ငွေရေးကြေးရေးအရ၊ ဂုဏ်သိက္ခာအရ အားထုတ်ရင်းနှီးမှုတွေ လုပ်ခဲ့ပြီး၊ အကျပ်အတည်းကြောင့် ပြန်အဖတ်ဆည်လို့ မရနိုင်တော့တဲ့အခြေအနေ ရောက်သွားမှုဆိုတဲ့ ညွှန်းကိန်းတွေပါပဲ။ ဒီညွှန်းကိန်းတွေအပေါ်မူတည်ပြီးလူသားချင်းစာနာမှုအကျပ်အတည်းတွေကို အရေးယူကိုင်တွယ်ရာမှာ ကုလသမဂ္ဂအနေနဲ့ ပြင်းပြင်းထန်ထန် အရေးယူသလား၊ မယူဘူးလား ဆိုတာကို ဆက်စပ်လေ့လာထားပါတယ်။ ပြင်းပြင်းထန်ထန်အရေးယူမှုလို့ဆိုရာမှာ (၁) စစ်ရေးအရ အင်အားသုံးအရေးယူမှု (၂) စီးပွားရေးပိတ်ဆို့မှုတွေ ဆောင်ရွက်မှု (၃) ပြည်သူလူထုကို ကာကွယ်ဖို့အတွက် (အင်အားသုံးဖို့အခွင့်ရှိတဲ့) ငြိမ်းချမ်းရေးတပ်တွေစေလွှတ်မှုတို့ ပါဝင်ပါ

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃)

### ကုလသမဂ္ဂ ကြားဝင်အရေးယူမှုအတွက် ဖြစ်တန်ခြေညွှန်းကိန်းများ

တယ်။ သိပ်မပြင်းထန်တဲ့ အရေးယူမှုတွေမှာတော့ (၁) (မိမိကိုယ်ကိုယ် ကာကွယ်ရန်မှတပါး အင်အားသုံးခွင့်မရှိတဲ့) ငြိမ်းချမ်းရေးတပ်တွေကို စေလွှတ်တာ (၂) လေ့လာစောင့်ကြည့်ရေး အဖွဲ့တွေ စေလွှတ်တာ (၃) လူသားချင်း စာနာမှု ဆိုင်ရာ အကူအညီတွေ ပေးတာတွေ ပါဝင်ပါတယ်။ (မူရင်း သုတေသနစာတမ်းမှာ ရှင်းရှင်းလင်းလင်း ထည့်သွင်းဖော်ပြထားခြင်းမရှိပေမဲ့ သံတမန်ရေးရာအရ ကြားဝင်စေ့စပ်မှုတွေ ဆောင်ရွက်တာဟာလည်း (စည်းနှောင်အားမရှိတဲ့အတွက်ကြောင့်) အားနည်းတဲ့ အရေးယူမှုထဲမှာပဲ အကျုံးဝင်တယ်လို့ ကောက်ယူပါတယ်) ဒီသုတေသနမှာ ၁၉၉၁ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ အကြီးမားဆုံးသော လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ၃၁ ခုကို နှိုင်းယှဉ်လေ့လာထားတာ ဖြစ်ပါတယ်။ ဒီလေ့လာချက်ကနေ အဓိကတွေ့ရှိချက်နှစ်ခု ရှိပါတယ်။ ပထမတချက်ကတော့ ဒီအကျပ်အတည်း ၃၁ ခုအနက် ၁၃ ခုမှာပဲ ပြင်းထန်တဲ့ အရေးယူမှုတွေပြုလုပ်တယ်လို့ ဆိုပါတယ်။ အဲဒီ ၁၃ ခု လုံးမှာ လူသားချင်းစာနာမှု အကျပ်အတည်းကနေ အသေအပျောက်နှုန်းမြင့်မားတာ ဖြစ်ပါတယ်။ တခါ ကုလသမဂ္ဂအနေနဲ့ ဒီအကျပ်အတည်းမတိုင်ခင်မှာ (ငွေရေးကြေးရေးအရ၊ ဂုဏ်သိက္ခာအရ) ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ရှိခဲ့တာကြောင့်ဖြစ်ပါတယ်။ ဒ့ါအပြင် အကျပ်အတည်းက တခြား နိုင်ငံတွေအပေါ် သက်ရောက်မှု ကြီးမားတာကလည်း ပြင်းထန်တဲ့ အရေးယူမှုတွေဖြစ်စေဖို့ အထောက်အပံ့ဖြစ်စေကြောင်း ထောက်ပြပါတယ်။ ဒုတိယတချက်ကတော့ အကျပ်အတည်း ကြုံနေရတဲ့နိုင်ငံဟာ စစ်ရေးအရ အားကောင်းတဲ့အခါမှာ (အထက်ပါ အချက်တွေနဲ့ ပြည့်စုံနေရင်တောင်) အားနည်းတဲ့ အရေးယူကိုင်တွယ်မှုတွေကိုသာ ပြုလုပ်လေ့ရှိပါတယ်လို့ ဆိုပါတယ်။

**ပြင်းထန်သော အရေးယူမှုပြုလုပ်ခြင်း**


လေ့လာချက်အရ အကျပ်အတည်း ၃၁ ခုအနက် ၁၃ ခုမှာပဲ ပြင်းထန်တဲ့ အရေးယူမှုတွေ ပြုလုပ်တယ်လို့ ဆိုပါတယ်။ အဲဒီ ၁၃ ခု လုံးမှာ လူသားချင်းစာနာမှု အကျပ်အတည်းကနေ အသေအပျောက်နှုန်းမြင့်မားတာ ဖြစ်ပါတယ်။ တခါ ကုလသမဂ္ဂအနေနဲ့ ဒီအကျပ်အတည်း မတိုင်ခင်မှာ (ငွေရေးကြေးရေးအရ၊ ဂုဏ်သိက္ခာအရ) ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ရှိခဲ့တာကြောင့်ဖြစ်ပါတယ်။ ဒ့ါအပြင် အကျပ်အတည်းက တခြား နိုင်ငံတွေအပေါ် သက်ရောက်မှု ကြီးမားတာကလည်း ပြင်းထန်တဲ့ အရေးယူမှုတွေဖြစ်စေဖို့ အထောက်အပံ့ဖြစ်စေကြောင်း ထောက်ပြပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃)

### ကုလသမဂ္ဂ ကြားဝင်အရေးယူမှုအတွက် ဖြစ်တန်ခြေညွှန်းကိန်းများ

**Case Covered by the causal combination**

**(ကုလသမဂ္ဂ ပြင်းထန်စွာ အရေးယူမှုနှင့် ညွှန်းကိန်းများဆက်စပ်မှု ဖြစ်ရပ်လေ့လာမှုပြဇယား)**




**Extent * Involvement( Spillover+ ~ Countpower) ***

**အကျပ်အတည်းအတွင်း သေပျောက်နှုန်းမြင့်မားခြင်းနှင့် ကုလသမဂ္ဂအနေဖြင့်**
**အကျပ်တည်းမတိုင်မီကတည်းက ပါဝင်မှုရှိထားခြင်း အညွှန်းမှတ်**

* အထက်ပါ အညွှန်းကိန်းနှစ်ခုသည် အကျပ်အတည်းကြောင့် ဒေသတွင်း ကူးစက်ရိုက်ခိုက်မှု ကြီးမားလျှင်သော်လည်းကောင်း၊ အကျပ်အတည်းကြုံ နိုင်ငံသည် စစ်ရေးတောင့်တင်းမှု (ဝါ) မဟာမိတ် အားနည်းလျှင်သော်လည်းကောင်း ပိုမိုသက်ရောက်မှုရှိသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃)

### ကုလသမဂ္ဂ ကြားဝင်အရေးယူမှုအတွက် ဖြစ်တန်ခြေညွှန်းကိန်းများ

**ဘာကြောင့် အလေးထားသင့်သလဲ**

လူသားချင်းစာနာမှု ခေါင်းစဉ်အောက်မှာ ကုလသမဂ္ဂရဲ့ တသမတ်တည်းမရှိတဲ့ အရေးယူဆောင်ရွက်မှုတွေကို ပိုပြီး ထဲထဲဝင်ဝင် နားလည်နိုင်မယ့် လေ့လာချက်တခု ဖြစ်တာကြောင့် ဒီသုတေသနကို အလေးထား စဉ်းစားသင့်တာပါ။ ကုလသမဂ္ဂဟာ နိုင်ငံပေါင်းစုံအပေါ်မှာ အခြေခံပြီးဖွဲ့ထားတဲ့ အဖွဲ့တခုဖြစ်တဲ့အပြင် အင်အားကြီးမားတဲ့ နိုင်ငံကြီးတွေက (အဓိက ဆုံးဖြတ်ချက်တွေကို ချနိုင်တဲ့) ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ ဗီတိုအာဏာရှိတဲ့ အမြဲတမ်းအဖွဲ့ဝင်အဖြစ် နေရာယူထားပါတယ်။ အထူးသဖြင့် ကုလသမဂ္ဂရဲ့ဝင်ရောက် အရေးယူ ဖြေရှင်းမှုတွေဟာ လူ့အခွင့်အရေးစံနှုန်းတွေအပေါ်မှာ မူတည်သလား၊ ဒါမှမဟုတ် လုံခြုံရေးကောင်စီဝင် နိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး အကျိုးစီးပွားတွေနဲ့ ပထဝီနိုင်ငံရေး စဉ်းစားချက်တွေကပဲ အဓိက တွန်းအားပေး မောင်းနှင်သလား ဆိုတဲ့ အငြင်းပွားစရာတွေလည်း ရှိနေပါတယ်။ ဒါကြောင့် ကုလသမဂ္ဂအနေနဲ့ အရေးယူနိုင် မယူနိုင်ဆိုတာဟာ စာရွက်ပေါ်မှာ ရေးထားတဲ့ လုပ်ထုံးလုပ်နည်းတွေအပြင်နိုင်ငံရေးအရဆုံးဖြတ်ချက်တွေနဲ့အများကြီးသက်ဆိုင်ပါတယ်။ ဒါကြောင့် ဒီလေ့လာချက်ရဲ့ တွေ့ရှိချက်တွေကနေတဆင့် နိုင်ငံရေးအရ အကောင်အဖော်ရေး ဖြစ်တန်ခြေတွေကို စဉ်းစားတဲ့အခါမှာ အချက်အလက် အထောက်အထား ကို အခြေခံတဲ့ သုတေသနတွေက ပံ့ပိုးပေးနိုင်မယ်လို့ ယူဆပါတယ်။

> **ကုလသမဂ္ဂအနေနဲ့ အရေးယူနိုင် မယူနိုင်ဆိုတာဟာ စာရွက်ပေါ်မှာရေးထားတဲ့ လုပ်ထုံးလုပ်နည်းတွေအပြင် နိုင်ငံရေးအရဆုံးဖြတ်ချက်တွေနဲ့ အများကြီးသက်ဆိုင်ပါတယ်...**

# ကုလသမဂ္ဂ ကြားဝင်အရေးယူမှုအတွက် ဖြစ်တန်ခြေညွှန်းကိန်းများ

## မြန်မာနိုင်ငံနှင့် ဆီလျော်သလား

လက်ရှိဖြစ်နေတဲ့ မြန်မာ့လူ့ပ်ရှားမှု အခြေအနေအတွက် အထောက်အကူ ဖြစ်စေနိုင်တဲ့ ဒီသုတေသနဟာ မြန်မာနိုင်ငံနဲ့လည်း ဆီလျော်မှုရှိပါတယ်။ အခုအချိန်မှာလည်း ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်နေသော ပြည်သူတွေကို အာဏာသိမ်းစစ်ကောင်စီက အင်အားသုံး အကြမ်းဖက်ဖြိုခွင်းမှုတွေ ပြုလုပ်နေတဲ့အပေါ် ကုလသမဂ္ဂအနေနဲ့ ဘယ်လို အရေးယူကိုင်တွယ်မလဲ ဆိုတာကို ဒီသုတေသနရဲ့ရလဒ်တွေနဲ့ ချိန်ထိုးကြည့်ရင် အရေးယူမှုတွေ ဆောင်ရွက်လာနိုင်စရာ ရှိပါတယ်၊ ဒါပေမဲ့ ပြင်းထန်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်လာဖို့ စောင့်ဆိုင်းရဦးမယ်လို့ သုံးသပ်နိုင်ပါတယ်။ သတိပြုစရာတခုကတော့ သုတေသနတိုင်းမှာ ချွင်းချက်တွေ၊ ဟာကွက်တွေ ရှိတတ်တာကြောင့် တရားသေမှတ်ယူလို့ မရနိုင်ပါဘူး။ အထူးသဖြင့် ဒီသုတေသနဟာ ၁၉၉၁-၂၀၀၄ ခုနှစ်တွေအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်တွေကို လေ့လာထားတာကြောင့် အသစ်ဖြစ်ပေါ်နေတဲ့ အခင်းကျင်းသစ်တွေ၊ တွန်းအားအသစ်တွေကို ထည့်သွင်းစဉ်းစားနိုင်ခြင်း မရှိသေးပါဘူး။ ဥပမာ - နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်းမှာ လူ့အခွင့်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာ တန်ဖိုးတွေ၊ စံချိန်စံညွှန်းတွေနဲ့ပတ်သက်ပြီး နိုင်ငံတကာမှာ လက်ခံကျင့်သုံးမှု အပြောင်းအလဲတွေ ဖြစ်လာသလား၊ ၂၀ ရာစုနှောင်းပိုင်း ကာလထက်စာရင် အခုကာလမှာ နည်းပညာ အပြောင်းအလဲတွေကြောင့် သတင်းစီးဆင်းမှု ပိုအားကောင်းလာပြီး၊ လူ့အခွင့်ရေးနဲ့ လူ့ဂုဏ်သိက္ခာ ချိုးဖောက်မှုတွေအပေါ် လူတွေရဲ့ သိမြင်ထိရှတုံ့ပြန်မှု မြင့်မားလာကြတာ စတဲ့အချက်တွေဟာတွေဟာ ဒီသုတေသနရဲ့ရလဒ်တွေကို ပြောင်းလဲနိုင်တဲ့ ကိန်းရှင်တွေအဖြစ် ရှိနေပါသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အချက်အလက်နဲ့ သုတေသနကို အခြေခံတဲ့ သုံးသပ်ချက်တွေကို လေ့လာရပါမယ်။ ဒီလို မျက်စိဖွင့် နားစွင့် လေ့လာတာဟာ လျှော့ပေါ့နားထစ်လက်ခံဖို့မဟုတ်ဘဲ မြန်မာနိုင်ငံရဲ့ပကတိအခြေအနေတွေနဲ့ ချိန်ထိုးလေ့လာပြီး မှန်ကန်တဲ့ မဟာဗျူဟာ နည်းဗျူဟာ ချဉ်းကပ်မှုတွေကို ပညာဥာဏ်ပါပါ ချမှတ်ဆောင်ရွက်နိုင်ဖို့အတွက်ပဲ ဖြစ်ပါတယ်။

သုတေသနက လေ့လာထားတဲ့ လူသားချင်းစာနာမှု အကျပ်အတည်းတွေထဲမှာ မြန်မာနိုင်ငံလည်းပါဝင်ပါတယ်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကို အင်အားသုံး ဖြိုခွင်းပြီးနောက် ၁၉၉၁-၂၀၀၄ ခုနှစ်အတွင်း ပြည်တွင်းစစ်နဲ့ ဒီမိုကရေစီရေး လှုပ်ရှားသူတွေအပေါ် နှိပ်ကွပ်အရေးယူမှုတွေကြောင့် ဖြစ်ခဲ့တဲ့ လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်းအပေါ် ကုလသမဂ္ဂရဲ့အရေးယူဆောင်ရွက်မှုတွေကို လေ့လာထားတာပါ။ ဒီလေ့လာချက်မှာ အဲဒီကာလက မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းရဲ့အသေအပျောက်နှုန်း မြင့်မားတာ၊ ဒေသတွင်းနိုင်ငံတွေအပေါ်မှာ ထိခိုက်မှုနှုန်းတွေ မြင့်မားတာကို ဖော်ပြခဲ့ပါတယ်။ ဒါပေမဲ့ တဖက်မှာ ကုလသမဂ္ဂရဲ့ကနဦးပါဝင်မှု အားနည်းခဲ့တာ၊ မြန်မာစစ်တပ်ရဲ့အင်အားကြီးမားမှုညွှန်းကိန်း မြင့်မားတာကို ထောက်ပြထားပါတယ်။ ရလဒ်အနေနဲ့ ကုလသမဂ္ဂရဲ့အရေးယူဆောင်ရွက်မှု အားအနည်းဆုံးထဲမှာ ပါခဲ့ပါတယ်။

**Further Readings**

Binder, Martin. 2015. "Paths to Intervention: What explains the UN's selective response to humanitarian crisis?" *Journal of Peace Research*, November 2015, Vol.52, No 6.